ဗီယင်နာအခြေစိုက် ကုလသမဂ္ဂအမျိုးသမီးများအသင်း(UNWG)၏ အပြည်ပြည်ဆိုင်ရာ
ဈေးရောင်းပွဲတော်တွင် မြန်မာနိုင်ငံပါဝင်ဆင်နွှဲ
(၃၀-၁၁-၂၀၂၄ ရက်၊ ဗီယင်နာ)

ဗီယင်နာအခြေစိုက် ကုလသမဂ္ဂအမျိုးသမီးများအသင်း (UNWG)က ကြီးမှူးလျက် ၃၀-၁၁-၂၀၂၄ ရက်တွင် ဩစတြီးယားစင်တာ၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော်တွင် မြန်မာသံရုံး/အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့က ပါဝင်ဆင်နွှဲခဲ့ပါသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် မြန်မာသံရုံး/အဖွဲ့ရုံးသည် ဗီယင်နာမြို့အခြေစိုက်အခြား အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများနှင့် အဖွဲ့အစည်းများနှင့်အတူ ကမ္ဘာ့တစ်ဝန်းရှိ အကူအညီ လိုအပ်နေသည့် ကလေးသူငယ်များအား လှူဒါန်းနိုင်ရန်အတွက် မြန်မာ့ရိုးရာ အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ရောင်းချခဲ့ပြီး၊ နိုင်ငံများအလိုက် ကမ္ဘာ့ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရိုးရာအက ဖျော်ဖြေပွဲများတွင်လည်း ပါဝင်တင်ဆက်ပြသခဲ့ပါသည်။

UNWG သည် ကမ္ဘာတစ်ဝန်းရှိ အကူအညီလိုအပ်နေသည့် အမျိုးသမီးနှင့် ကလေးသူငယ်များ အတွက် အကူအညီပေးအပ်ရေးအစီအစဉ်များ၊ ပညာရေးနှင့် မရှိမဖြစ်လိုအပ်မှုများကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ရန်ပုံငွေရှာဖွေပေးသည့် အဖွဲ့အစည်းဖြစ်ပြီး ဩစတြီးယားနှင့်အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် မိတ်ဖက်ပူးပေါင်းလျက် ဒေသတွင်းနှင့် ကမ္ဘာ့အရပ်ရပ်ရှိ လှူဒါန်းမှုများကို ကူညီ ပံ့ပိုးလျက်ရှိပါသည်။

***********************

Myanmar participates in UNWG International Festival-Charity Bazaar
(30 November 2024, Vienna)

Myanmar Embassy and Permanent Mission in Vienna participated in the International Festival-Charity Bazaar organized by the United Nations Women's Guild Vienna (UNWG) held at the Austria Center in Vienna on 30 November 2024.

Together with other Permanent Missions and organizations based in Vienna, the Myanmar Embassy and Permanent Mission sold Myanmar traditional textiles and handicrafts for donation to children in need around the world, as well as participated in the costume of the world and traditional dance performance.

The UNWG is to raise funds for women and children in need worldwide, providing programs, education, and essential facilities. Through partnership with Austrian and international organizations, the UNWG supports charitable efforts both locally and globally.

****************




မြန်မာအရောင်းပြခန်းတွင် သံအမတ်ကြီးနှင့် မြန်မာသံရုံး/အမြဲတမ်းကိုယ်စားလှယ်
အဖွဲ့ရုံးဝန်ထမ်းများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်




မြန်မာသံရုံး/အဖွဲ့ရုံးက မြန်မာ့ရိုးရာအဝတ်အထည်များနှင့် လက်မှုပစ္စည်းများခင်းကျင်းရောင်းချစဉ်




မြန်မာသံရုံး/အဖွဲ့ရုံးဝန်ထမ်းများ မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကဖြင့် ကပြဖျော်ဖြေစဉ်




မြန်မာသံရုံး/အဖွဲ့ရုံးမှ ကမ္ဘာ့ဝတ်စားဆင်ယင်မှုပြပွဲတွင် မြန်မာ့ရိုးရာဝတ်စုံဖြင့် ပါဝင်ဆင်နွှဲစဉ်